# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၂၃)


**ဗိုတာဝန်အရေး(၃)ပါး**

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။



ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် အမရဟိုတယ်မှ နိုင်ငံတော်သမ္မတအိမ်တော်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာရာ နိုင်ငံတော်သမ္မတအိမ်တော်ရှေ့၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✳

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာ

*စာမျက်နှာ ၈ ကော်လံ ၁* ◆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်၌ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာအီမြောင်ဘတ်နှင့်အတူ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. KIM Sung-Hwan၊ စီးပွားရေးအသိပညာဆိုင်ရာ ဝန်ကြီး H.E. Mr. HONG Suk Woo၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

**ဧည့်ခံဖျော်ဖြေ**

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံသမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော်ကိုရီးယားသမ္မတနိုင်ငံသမ္မတအား ခရီးစဉ်မှတ်တမ်း အယ်လ်ဘမ်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**
(သတင်းစဉ်)





## ဖဲကြိုးဖြတ်ဖွင့်လှစ်

**မအူပင်မြို့ အမှတ်(၇)ရပ်ကွက် ခိုင်သစ္စာလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မေ ၁၀ ရက်က အဆိုပါ လမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်း၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောနိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)

# တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၄

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက်မရောမြို့တွင် ၄ ဒသမ ၇၀ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၈၆ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ခရမ်းမြို့တွင် ၁ ဒသမ ၀၆ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့အလင်း

**အယ်ဒီတာ့ အာဘော်**

(၂၀၁၂ ခုနှစ် မေ ၁၅ ရက်)

# တတ်ကျွမ်းအောင်သင်ယူ ကျွမ်းကျင်အောင်ကြိုးစား

မဝေးတော့သည့်ကာလတွင် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပအရင်းအနှီးနှင့်ကုမ္ပဏီများ စီးဝင်လာကာ စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာခြင်းကြောင့် အလုပ်အကိုင်သစ်များ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။ ထိုအလုပ်အကိုင်သစ်များ၏ အဓိကလိုအပ်ချက်သည် ကျွမ်းကျင်လုပ်သားများ ရရှိရေးပင်ဖြစ်သည်။ အလုပ်အကိုင်ရှာဖွေသူတိုင်း ကျွမ်းကျင်မှုပေတံဖြင့် တိုင်းတာခံယူနိုင်ဖို့ လိုအပ်လာပြီဖြစ်သည်။

ယနေ့ခေတ်တွင် ယခင်ယခင်ခေတ်များကဲ့သို့ အလုပ်အကိုင်တစ်ခုကို လွယ်လွယ်နှင့်ရဖို့ မလွယ်တော့ပေ။ နေရာတိုင်း၊ အလုပ်အကိုင်တိုင်းသည် ကျွမ်းကျင်မှုပေတံနှင့်တိုင်းတာဖို့ရှိသည်။ အတတ်ပညာတစ်ခုခုကို တတ်ကျွမ်းအောင် သင်ယူထားပြီး အဆိုပါ ပညာရပ်ကို ကျွမ်းကျင်အောင် စဉ်ဆက်မပြတ် ကြိုးစားနေမှသာ အလုပ်အကိုင်ရနိုင်သည့်ခေတ်သို့ ရောက်ရှိလာပြီဖြစ်သည်။ ကျွမ်းကျင်မှုရှိမှ အလုပ်ရနိုင်ကြောင်းကို အလုပ်အကိုင် ခေါ်ယူရေးကြော်ငြာများက သက်သေပြနေသည်။ လုပ်ငန်းကျွမ်းကျင်မှု ရှိရမည်၊ လုပ်သက်တစ်နှစ်ရှိရမည်၊ နှစ်နှစ်ရှိရမည်၊ ဆိုင်ရာဆိုင်ရာ ဘွဲ့ဒီဂရီများရရှိရမည်၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာကျွမ်းကျင်မှုရှိရမည် အစရှိသဖြင့် အလုပ်အကိုင် ခေါ်ယူရေးကြော်ငြာများတွင် တွေ့ရသည်။

မည်သည့်အလုပ်မဆို ကျွမ်းကျင်ဝန်ထမ်း၊ ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်အလုပ်သမားတို့ကိုသာ နေရာပေးခန့်ထားရမည့်ခေတ်သို့ ရောက်ရှိလာပြီဖြစ်သည်။ သူ့တူ၊ ငါ့သား၊ သူ့သမီးဆို၍ လက်တို့အလုပ်ခန့်သည့်ခေတ်ကား ကုန်ပြီ။ နေရာတိုင်းတွင် ကျွမ်းကျင်မှုအရည်အချင်းနှင့် စကားပြောလာကြသည်။ အရည်အချင်းရှိ၊ ကျွမ်းကျင်သောအလုပ်သမား၊ ဝန်ထမ်းများနှင့် ဖွဲ့စည်းထားသောလုပ်ငန်းမှလည်း တိုးတက် အောင်မြင်နိုင်သည်။ အရည်အချင်းမရှိသူများ စုနေသောလုပ်ငန်းခွင်များသည် တိုးတက်အောင်မြင်စရာ အကြောင်းမရှိပေ။

ထို့ကြောင့် ယနေ့ခေတ် လူငယ်လူရွယ်များသည် လုပ်ငန်းခွင်အထောက်အကူပြုသင်တန်းများ တက်ရောက်ထားဖို့လိုသည်။ အနာဂတ်တွင် စက်ရုံ၊ အလုပ်ရုံများပေါ်ပေါက်လာနိုင်၍ စက်မှုလက်မှုဆိုင်ရာ အခြေခံသင်တန်းများ၊ ကွန်ပျူတာအိုင်တီနည်းပညာဆိုင်ရာသင်တန်းများ၊ ဘာသာရပ်ဆိုင်ရာသင်တန်းများ စသည်ဖြင့် လုပ်ငန်းခွင်အသုံးချသင်တန်းများ မဖြစ်မနေတက်ရောက်ထားသင့်ပေသည်။ သို့မှသာ လုပ်ငန်းခွင်ဝင်ရောက်သည့်အခါ အဆင်ပြေချောမွေ့ပေလိမ့်မည်။

အဆိုပါလုပ်ငန်းခွင်အထောက်အကူပြုအတတ်ပညာများ အနည်းဆုံးတစ်ခုခု တတ်မြောက်ထားသင့်သည်။ သို့သော်လည်း နှစ်ခု၊ သုံးခုတတ်ထားလျှင် ပိုကောင်းသည်။ တစ်ခုလောက်တတ်ထားသူနှင့် နှစ်ခု၊ သုံးခုတတ်ထားသူတို့ နှိုင်းယှဉ်လျှင် များများတတ်ထားသူက အလုပ်အကိုင်အခွင့်အလမ်းရရှိရန် သေချာသည်။ ထို့ကြောင့် များများသင်၊ များများတတ်မှ မြန်မြန်အလုပ်အကိုင်ရနိုင်မည်ကို သတိပြုသင့်ပေသည်။

သို့ဖြစ်၍ ကျွမ်းကျင်လုပ်သားများဖြင့် ထူထောင်သောလုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲခြင်းသည် အနာဂတ်စက်မှုနိုင်ငံထူထောင်ရေးအတွက် အခြေခံအုတ်မြစ်လည်းဖြစ်ပေမည်။ ထို့ကြောင့် လုပ်ငန်းဌာနအသီးသီး၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက ကျွမ်းကျင်မှုကိုသာ ဦးစားပေး၍ အလုပ်အကိုင်များပေးသင့်သလို အလုပ်ရှာဖွေနေသူများကလည်း လုပ်ငန်းခွင်အထောက်အကူပြု အတတ်ပညာများ၊ အတွေ့အကြုံများ ရယူကြဖို့လိုပါသည်။ ထို့ကြောင့် လူငယ်လူရွယ်တိုင်း ပညာရပ်တစ်ခုကို တတ်ကျွမ်းအောင်သင်ယူပြီး ကျွမ်းကျင်မှုရှိအောင် ကြိုးစားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ညီလာခံ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ဂန်းအား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့မှုများ၊ နိုင်ငံတကာ အရေးကိစ္စရပ်များတွင် နီးကပ်စွာ လက်တွဲဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ် ၆၀ ကာလအတွင်း အပြန်အလှန် ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ လွှတ်တော်၏ ဆောင်ရွက်ချက်များ၊ ပြည်သူတို့၏အနာဂတ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဖော်ဆောင်မှုများ၊ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဆင်းရဲမှု လျှော့ချရေးဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် အားလုံးပါဝင်မှုရရှိရေးအတွက် ဆောင်ရွက်မှု များနှင့် အမျိုးသားနိုင်ငံရေးဖြစ်စဉ်များ တိုးတက်အောင်မြင်မှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေး မှူးများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေး ဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ဂန်းနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ဂန်းအား နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံစဉ်။** (သတင်းစဉ်)

# အထူးအယူခံခုံရုံး တရားမ အထူးအယူခံမှု(၁၂)မှုကို စီရင်ချက်ချမှတ်၊ (၅)မှုကိုကြားနာ

နေပြည်တော် မေ ၁၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်း၊ ဦးမြင့်ဟန်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ရုံးထိုင်၍ တရားမအထူးအယူခံမှု(၁၂)မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် တရားမအထူးအယူခံမှု (၅)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4

၁၅-၅-၂၀၁၂ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၂)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၆)
- ၁၁း၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၈)
- ၂း၀၀ MRTV-4 သတင်း
- ၃း၁၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး**(အပိုင်း-၂၂)
- ၄း၀၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၆)
- ၅း၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၈)
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၃)
- ၈း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love **(အချစ်သင်္ကေတ)** (အပိုင်း-၆)
- ၉း၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၃၇)

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ma. Hellen B. De La Vega ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဖိလစ်ပိုင်သံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ma. Hellen B. De La Vega ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌လာရောက်၍ နှစ်နိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး၊ ရော်ဘာ၊ ကြံ၊ ဆီအုန်းနှင့် စားသောက်ကုန်ချောအမျိုးမျိုးထုတ်လုပ်ရေး နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ များကို ဆွေးနွေးပြီး ဖိလစ်ပိုင်သံအမတ်ကြီးနှင့် လုပ်ငန်းရှင်များက Total Solution Co., Ltd.၏ စိုက်ပျိုးသီးနှံထွက်ကုန် အမျိုးမျိုးအား တန်ဖိုးမြှင့်ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်နိုင်မည့် စိုက်ပျိုးရေးအခြေခံစက်ရုံများ၊ မြန်မာနိုင်ငံ၏ အရင်းအမြစ်များကို အခြေခံ၍ WIN- WIN Practice အရ ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဖိလစ်ပိုင်နိုင်ငံ First Pacific Group ကုမ္ပဏီမှ Executive Director Mr. Edward Tortoric၊ Mr. Kevin Sietho (Director Indo food)၊ Mr. Sony Lianto (Director Indo Food)၊ Mr. Noel E. Torres (Business Development)၊ Ms. Maribelle F. Manlangit (Attache) နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်နိုင်ငံ Texas Pacific Group မှ Founder, Managing Partner, Mr. David Bonderman ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဧည့်သည်အဖွဲ့များ တွေ့ဆုံ

နေပြည်တော် မေ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ma. Hellen B. De La Vega သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ အမေရိကန်နိုင်ငံ Texas Pacific Group မှ Founder, Managing Partner, Mr. David Bonderman ဦးဆောင်သောအဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း အဆိုပါ ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးပညာသင်ကြားမှုဆိုင်ရာများ၊ မိခင်မွေးကင်းစနှင့် ကလေးကျန်းမာရေး လုပ်ငန်းများ၊ မိခင်နို့စနစ်တကျ တိုက်ကျွေးရေးလုပ်ငန်းများ၊ ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ကူးစက်ရောဂါများ နှင့် ကူးစက်တတ်ခြင်းမရှိသော ရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် နည်းပညာဖလှယ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အမေရိကန်နိုင်ငံ Texas Pacific Group နှင့်တွေ့ဆုံရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများတွင် လက်ရှိဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများ၊ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ဆောင်ရွက်မှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ခေတ်မီနည်းပညာနှင့် စက်ပစ္စည်းကိရိယာများ ပိုမိုသုံးစွဲနိုင်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၆၃)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့်နည်းပညာကော်မတီနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် မေ ၁၄

(၆၃)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့်နည်းပညာကော်မတီနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ ယင်းအစည်းအဝေးများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကဦးစီးလျက် ယနေ့မှ မေ ၁၈ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (Myanmar International Convention Center-MICC)၌ ကျင်းပမည်ဖြစ်ပြီး ဆက်စပ်ဆပ်ကော်မတီ(၁၀)ခု၏ အစည်းအဝေးများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

မိုးမြင့်လင်းလက် - စုစည်းသည်

## အသက် ၁၁၁ နှစ်အရွယ်ရှိ အမေရိကန်အမျိုးသမီးကြီး မွေးနေ့ပွဲကျင်းပ

ဝါရှင်တန် မေ ၁၄

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်မှ အသက် ၁၁၁ နှစ်ရှိသော အမျိုးသမီးကြီး မိုလီဝုဒ်၏မွေးနေ့ပွဲကို မေ ၁၁ ရက်က သူမနေထိုင်ရာ ချာလော့တက်ဗီလီမြို့၌ ကျင်းပခဲ့ကြောင်း မေ ၁၄ ရက်တွင် သတင်းဖော်ပြသည်။

အမျိုးသမီးကြီး မိုလီဝုဒ်သည် သမီးခြောက်ဦးမွေးဖွားခဲ့ရာ အားလုံးမှာ ယခုထိ အသက်ရှင်နေထိုင်လျက်ရှိသည်။ အသက်အကြီးဆုံးသမီးမှာ ၈၈ နှစ်အရွယ်ရှိ လူစီမင်တာဖြစ်ပြီး သူမနှင့်အတူတကွ နေထိုင်သူလည်းဖြစ်သည်။

### သွားလာလျက်ရှိ

အမျိုးသမီးကြီး မိုလီဝုဒ် **(အောက်ပုံ)** သည် လက်ရှိအချိန်၌ ခန္ဓာကိုယ်အလေးချိန် ၁၃၅ ပေါင်ရှိပြီး ကျန်းကျန်းမာမာ ရှိနေသော်လည်း လမ်းလျှောက်သွားလာနိုင်မှု မရှိတော့ဘဲ လက်တွန်းဘီးတပ်ထိုင်ခုံဖြင့် သွားလာလျက်ရှိသည်။

သူမသည် ငယ်စဉ်ကပင် ဆေးလိပ်မသောက်၊ အရက်မသောက်ခဲ့သည့် အကျင့်ကောင်းဖြင့် နေထိုင်ခဲ့သဖြင့် အသက်ရှည်ခြင်းဖြစ်သည်ဟု အမျိုးသမီးကြီး မိုလီဝုဒ်က ပြောကြားခဲ့သည်။ သူမသည် ချာလော့တက်ဗီလီမြို့၌ ၁၉၀၁ ခုနှစ်က မွေးဖွားခဲ့သူဖြစ်ပြီး နှစ်အတန်ကြာ ဆက်လက်အသက်ရှင်နေထိုင်ရဦးမည်ဖြစ်ကြောင်း ဆရာဝန်များက ပြောကြားသည်။ **(အင်တာနက်)**



## အသက် ၇၀ အရွယ် အမေရိကန်နိုင်ငံသားကြီးဘီလ်ဘာကီ ဧဝရက်တောင်ထိပ်သို့ တက်မည်



ခတ္တမန္ဒူ မေ ၁၄

နီပေါနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်သို့ အသက် ၆၇နှစ်အရွယ်၌ အောင်မြင်စွာတက်ရောက်ခဲ့ပြီး ဧဝရက်တောင်ထိပ်သို့ ကမ္ဘာ့အသက်အကြီးဆုံး တောင်တက်သမားအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သူ အမေရိကန်အမျိုးသားကြီး ဘီလ်ဘာကီ **(ဝဲပုံ)** သည် ယခုအခါ ဧဝရက်တောင်ထိပ်သို့ ထပ်မံတက်ရောက်ရန် စီစဉ်နေကြောင်း မေ ၁၄ ရက်က သတင်းထုတ်ပြန်သည်။

တောင်တက်သမားကြီးဘီလ်ဘာကီသည် ယခုအခါအသက် ၇၀ အရွယ် ရှိနေပြီဖြစ်သည်။ သူသည် ယခုသီတင်းပတ်ကုန်၌ ဧဝရက်တောင်ထိပ်သို့ တက်ရောက်မည်ဖြစ်ပြီး ဧဝရက်တောင်ထိပ်သို့တက်ရောက်သည့် ကမ္ဘာ့အသက်အကြီးဆုံး တောင်တက်သမားအဖြစ် ဆက်လက်စံချိန်တင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကော်စတာမီဆာမြို့တွင် နေထိုင်သော ဘီလ်ဘာကီသည် ယခုအကြိမ်ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန်အတွက် တိဗက်ဒေသမြောက်ပိုင်းမှနေ၍ ၂၉၀၃၅ ပေမြင့်သော ဧဝရက်တောင်ပေါ်သို့ တက်ရောက်မည်ဖြစ်သည်။ ဧဝရက်တောင်ထိပ်သို့ ကမ္ဘာ့အရပ်ရပ်မှ တောင်တက်သမား ၃၇၀၀ ခန့် တက်ရောက်ခဲ့ကြရာ တောင်တက်သမား ၂၃၁ ဦး သေဆုံးခဲ့ကြသည်။ **(အင်တာနက်)**

## ဘရာဇီးအရှေ့မြောက်ပိုင်းဒေသများ နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုဖြစ်ပွား



ရီယိုဒီဂျနေးရိုး မေ ၁၄

ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းဒေသများတွင် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုဖြစ်ပေါ်လျက်ရှိရာ သောက်သုံးရေများပြတ်လပ်မှုကြောင့် ဒေသခံများ တစ်နေ့လျှင်တစ်ဦး သေဆုံးနေရသည်ဟု ဘရာဇီးအရာရှိများက မေ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများရှိ မြို့ပေါင်း ၁၁၀၀ ကျော်နှင့် ကျေးရွာပေါင်းများစွာတို့၌ သောက်သုံးရေပြတ်လပ်မှုများနှင့် ဆိုးရွားစွာ ရင်ဆိုင်နေရသဖြင့် ဘရာဇီးအစိုးရက အကူအညီပေးရေးအဖွဲ့များ စေလွှတ်ကာ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ ဘရာဇီးကျေးလက်ဒေသများတွင် မိုးခေါင်မှုကြောင့် လယ်ယာစိုက်ပျိုးမြေများ ကွဲအက်ကာ **(ယာပုံ)** စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်လျက်ရှိသည်။ စိုက်ပျိုးသီးနှံထုတ်ကုန်များထွက်ရှိမှုမရှိသလောက် နည်းပါးလျက်ရှိသည်။

ထို့အပြင် မွေးမြူရေးလုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးသမားများပါ သောက်သုံးရေပြတ်လပ်ပြီး မိုးခေါင်နေမှုကြောင့် ဆိုးရွားစွာထိခိုက်လျက်ရှိသည်။ ဆည်မြောင်းတာတမံများတွင်လည်း ရေခန်းခြောက်လျက်ရှိရာ သောက်သုံးရေ ဖြန့်ဖြူးရေးအဖွဲ့များက ထရပ်ကားများဖြင့် ဒေသခံများကို လိုက်လံဖြန့်ဖြူးပေးလျက်ရှိသည်။ **(အင်တာနက်)**



## ဒေသနိုင်ငံချင်း လက်တွဲဆောင်ရွက်မှ ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေး ရနိုင်မည်ဟု အီရန်ထိပ်တန်းအမတ်တစ်ဦးဆို

တီဟီရန် မေ ၁၄

ဒေသတွင်း ထာဝစဉ်ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာရရှိနိုင်မည်ဖြစ်ကြောင်း အီရန် ထိပ်တန်းအမတ်တစ်ဦးဖြစ်သူ အလာဒင်ဘိုရူဂျာဒီက မေ ၁၃ရက်တွင် ပြောကြားသည်။

**ပြောကြား**

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဌာန ညွှန်ကြားရေးမှူးချုပ် ကဲတက်စ်နှင့်တွေ့ဆုံစဉ် အီရန်အမတ် အလာဒင်ဘိုရူဂျာဒီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက်ဆိုကာ အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ အမေရိကန်နှင့်ဥရောပတပ်ဖွဲ့ဝင်များ ရောက်ရှိခဲ့သော်လည်း ဒေသတွင်းအကြမ်းဖက်မှုများလျော့မသွားရုံမက ဘိန်းထုတ်လုပ်မှုပမာဏပါ ပိုမိုလာကြောင်း ၎င်းက ထည့်သွင်းပြောကြားလိုက်သည်။ **(အင်တာနက်)**



## အာဖဂန်ငြိမ်းချမ်းရေးကောင်စီဝင် ကဘူးလ်မြို့၌ လုပ်ကြံခံရ

ကဘူးလ် မေ ၁၄

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်တွင် အာဖဂန်ငြိမ်းချမ်းရေးကောင်စီဝင်တစ်ဦးအား အမည်မသိသေနတ်သမားများက လုပ်ကြံသတ်ဖြတ်လိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အာဖဂန်ငြိမ်းချမ်းရေးကောင်စီဝင် အာစာလာရာမန်အား မေ ၁၃ ရက် နံနက်က နေအိမ်မှထွက်လာချိန်တွင် ဖြတ်မောင်းသွားသော မော်တော်ယာဉ်ပေါ်မှ အမည်မသိသေနတ်သမားက ပစ်သတ်လိုက်ခြင်းဖြစ်သည်ဟု ၎င်း၏မြေးတော်သူ မိုဟာမက်ဝါရစ်က ပြောကြားသည်။ **(အပေါ်ပုံ)**

အာဖဂန်ငြိမ်းချမ်းရေးကောင်စီဝင် အာစာလာရာမန်သေဆုံးမှုနှင့် ပတ်သက်၍ မည်သည့်အုပ်စုအဖွဲ့အစည်းကမျှ ၎င်းတို့လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခြင်းမပြုသော်လည်း ယင်းမှာတာလီဘန်လက်နက်ကိုင်တို့လက်ချက်ဖြစ်နိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**



## အန်ဘာပြည်နယ် ကားဗုံးခွဲတိုက်ခိုက်မှု အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၄

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်အတွင်း ရဲကင်းလှည့်စဉ် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ငါးဦးအပြင်းအထန်ဒဏ်ရာရသွားသည်။ **(ဝဲပုံ)**

အန်ဘာပြည်နယ် ရာမာဒီမြို့လယ်တွင် မေ ၁၃ ရက် နံနက်က ကားဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း အီရတ်လုံခြုံရေးအရာရှိများက ပြောကြားသည်။

### ဒဏ်ရာရ

ရပ်ထားသည့်မော်တော်ယာဉ်မှ ဗုံးဖောက်ခွဲမှုကြောင့် ဖြတ်သွားသူနှစ်ဦးလည်း ဒဏ်ရာရသွားကြသည်ဟုဆိုသည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၁၄-၅-၂၀၁၂

တင်မောင်လွင်-စုစည်းသည်

### နိုင်ငံရေးခိုလှုံသူများတင်ဆောင်လာသည့်ရေယာဉ် ဩစတြေးလျရေတပ် ကြားဖြတ်ဝင်တိုက်ဖမ်းဆီး

*နိုင်ငံရေးခိုလှုံသူ ၁၀၀ နီးပါးတင်ဆောင်လာသည့် ကူးတို့ရေယာဉ်တစ်စင်းကို ဩစတြေးလျရေတပ်က မေ ၁၁ ရက်တွင် ကြားဖြတ်ဝင်တိုက်ဖမ်းဆီးခဲ့ကြောင်း၊ တစ်ပတ်အတွင်း နိုင်ငံရေးခိုလှုံသူ ၄၆၄ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ အသစ်ထပ်မံရောက်ရှိသူအရေအတွက် တိုးလာနိုင်ကြောင်း အစိုးရအာဏာပိုင်များက သတင်းထုတ်ပြန်သည်။ ဩစတြေးလျနယ်စပ် ကာကွယ်ရေးကင်းလှည့်တပ်ဖွဲ့သည် စစ်ဆင်ရေးဆောင်ရွက်စဉ် မေ ၁၁ ရက် နံနက် စောစောပိုင်းက ခရစ္စမတ်ကျွန်းအရှေ့မြောက်ဘက်တွင် လူမှောင်ခိုတင်သွင်းသည့်ရေယာဉ်ဟု ယူဆပြီး ကြားဖြတ်ဝင်တိုက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အဆိုပါ လူမှောင်ခိုတင်သွင်းသည့်ရေယာဉ်ကို ဩစတြေးလျတော်ဝင်လေတပ်မှ ကင်းလှည့်လေယာဉ်က ကနဦးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းရေယာဉ်ပေါ်တွင် ခရီးသည် ၉၉ ဦးနှင့် အမှုထမ်းနှစ်ဦးကို တင်ဆောင်လာကြောင်း၊ ဩစတြေးလျနယ်စပ်ကာကွယ်ရေးတပ်ဖွဲ့မှ ခရီးသည်များကို ခရစ္စမတ်ကျွန်းသို့ ပြောင်းရွှေ့ပေးရန် စီစဉ်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ပြည်ထဲရေးဝန်ကြီး ဂျာဆန်ကလာရီက ပြောကြားခဲ့သည်။*

### ပါကစ္စတန်တောင်ပိုင်း၌ ဂျက်တိုက်လေယာဉ်ပျက်ကျ

*ပါကစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကမ်းခြေမြို့တစ်မြို့တွင် မေ ၁၁ ရက်မွန်းလွဲပိုင်းက ဂျက်တိုက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ သို့သော်လည်း လေယာဉ်မှူးမှာ လေယာဉ်ပေါ်မှ လေထီးဖြင့် ခုန်ချနိုင်ခဲ့မှုကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း လေတပ်အရာရှိများက မေ ၁၂ ရက်က ပြောကြားသည်။ ဖြစ်ပွားရသည့် အကြောင်းအရင်းက ချက်ချင်းမသိရှိရသေးဟု ဆိုသည်။ အဆိုပါဂျက်တိုက်လေယာဉ်သည် လေ့ကျင့်ပျံသန်းရန်အတွက် ကရာချိမြို့အနီး စစ်အခြေစိုက်စခန်းမှ ပျံတက်ပြီး မကြာမီ ကရာချိမြို့ အနောက်မြောက်ဘက် ၃၇ မိုင်ခန့်အကွာ စွန်မီယာရာနီကမ်းခြေမြို့အနီး၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။*

### ဂျော်ဂျီယာနိုင်ငံတွင် ရုတ်တရက်မိုးရွာသွန်းပြီး ရေကြီး

*ဂျော်ဂျီယာနိုင်ငံ၏မြို့တော် တီဘီလီစီတွင် မေ ၁၃ ရက် အစောပိုင်းက ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ညတွင်းချင်းရေကြီးမှုများဖြစ်ပေါ်ကာ ကလေးငယ်နှစ်ဦးအပါအဝင် ငါးဦး ရေနစ်သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါရေကြီးမှုသည် အော်တီချာခရိုင်အတွင်းရှိမြို့ဝန်းကျင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူများအား အရေးပေါ်ဆေးဝါးကုသမှုရရှိရန်အတွက် ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း အရေးပေါ်အဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များ၏ပြောကြားချက်အရ သိရသည်။ ရေကြီးမှုမှအစပြုကာ မြေပြိုမှုများလည်း ဖြစ်ပွား၍ အဆောက်အအုံပျက်စီးမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။ ရေကြီးပျက်စီးမှုအပေါ် ပြန်လည်စစ်ဆေးရန် အထူးအဖွဲ့တစ်ဖွဲ့အားစေလွှတ်ပေးခဲ့ကြောင်း၊ ကယ်ဆယ်ရေးနှင့် အရေးပေါ်အဖွဲ့က ခရိုင်အတွင်း၌ ရေများ ရှင်းလင်းရေးနှင့် လမ်းများပြန်လည်ပြုပြင်ရေးကို တစ်ညလုံး လုပ်ဆောင်ပေးလျက်ရှိကြောင်း တီဘီလီစီမြို့တော်ဝန် ဂျီဂျီယူဂူလာဗာက ပြောကြားခဲ့သည်။* (အင်တာနက်)

## မြန်မာ့အလင်း — ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ



### ယခုနေ့ ရွှေဈေး၊ ငွေဈေး

#### သတင်းနှင့် ဓာတ်ပုံ-အဝယ်တော်ဖိုးထော်

ပြီးခဲ့တဲ့အပတ်သောကြာနေ့ (မေ ၁၁ ရက်) ညနေပိုင်းမှာ ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၅၇၃ ဖြစ်ခဲ့သလို မြန်မာ့ရွှေဈေးကလည်း အဲဒီညနေမှာ တစ်ကျပ်သားကို ငွေကျပ် ၇၀၂၅၀၀ ဈေးနဲ့ ပိတ်သိမ်းခဲ့ပါတယ်။

ယနေ့ တနင်္လာနေ့ (မေ ၁၄ ရက်)မှာ နံနက်ပိုင်းဈေးအဖွင့်မှာ ကမ္ဘာ့ရွှေက တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၅၈၁ နဲ့ ဖွင့်ခဲ့သလို မွန်းတည့် ၁၂ နာရီ နောက်ပိုင်းမှာ တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၅၇၇ ဖြစ်တည်နေခဲ့ပါတယ်။

ထို့အတူ မြန်မာ့ရွှေဈေးဟာလည်း နံနက်ဈေးအဖွင့်မှာ တစ်ကျပ်သားကို ငွေကျပ် ၆၉၉၈၀၀ နဲ့ စခဲ့ပါတယ်။ မွန်းတည့် ၁၂ နာရီနောက်ပိုင်းမှာ ရွှေတစ်ကျပ်သားကို ငွေကျပ် ၆၉၈၃၀၀ ဈေးဖြစ်သွားတာကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံးခန်းမှ ကြားသိရပါတယ်။

မြန်မာ့ရွှေဈေးဟာ သင်္ကြန်မကျမီ ပထမတစ်ရက်ဖြစ်တဲ့ ဧပြီ ၁၁ ရက်မှာ တစ်ကျပ်သားကို ငွေကျပ် ၇၂၅၀၀၀ နဲ့ ဈေးပိတ်ခဲ့ပါတယ်။

**ကျဆင်းလာ**

သင်္ကြန်ရက်များအပြီး နောက်ရက်တွေမှာတော့ မြန်မာ့ရွှေဈေးဟာ တရိပ်ရိပ်နဲ့ ကျဆင်းလာတာကိုလည်း တွေ့ရပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ဝယ်ရောင်းကုန်သည်တစ်ဦးက "အခုရက်တွေမှာ လူလတ်တန်းစားတွေက ရွှေမဝယ်တော့ဘူး၊ ကားဈေးတအားကျလာတဲ့အတွက် ကားဝယ်စီးဖို့ ကြိုးစားနေကြတယ်"ဟု ၎င်း၏ ထင်မြင်ချက်ကို ပြောပြပါတယ်။

ထို့မှ သိမ်ဖြူလမ်းရှိ ငွေလဲကောင်တာဆီသို့ လှမ်းခဲ့ပါတယ်။ သိမ်ဖြူငွေလဲဌာနမှာ အင်းဝဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ CB ဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ မြန်မာ့စက်မှုလက်မှုဘဏ်တို့က ကောင်တာတွေ ဖွင့်ထားကြပါတယ်။

ယနေ့ရောင်းဈေး၊ ဝယ်ဈေးအနေနဲ့ အမေရိကန်တစ်ဒေါ်လာလျှင် ဝယ်ဈေး ၈၂၁ ကျပ် ၊ ရောင်းဈေးအနေဖြင့် ၈၃၅ ကျပ်ရှိပြီး အက်ဖ်အီးစီ တစ်ဒေါ်လာလျှင် ဝယ်ဈေး ၈၂၁ ကျပ် ၊ ရောင်းဈေး ၈၃၅ ကျပ်ရှိကြောင်း သိရှိခဲ့ရပါတယ်။

ယခုရက်ပိုင်းအတွင်း ဘဏ် Account ဖွင့်ပြီး ကားဝယ်နိုင်ရေးအတွက် ဒေါ်လာ အဝယ်များလျက်ရှိကြောင်းကိုလည်း သိခွင့်ရပါတယ်။

## ဇွန် ၁ ရက် ထီဖွင့်ပွဲအတွက် ထီစောင်ရေ ယခင်လထက် ၂၇ သိန်းတိုးမြှင့်ထား

**ရန်ကုန် မေ ၁၄**

လာမည့် ဇွန်လ ၁ ရက်နေ့၌ ဖွင့်လှစ်ပေးသွားရန်ရှိသည့် (၂၈၁)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် ထီစောင်ရေကို ယခင်လထက် ၂၇ သိန်းအထိ တိုးမြှင့်ထားသော်လည်း လက်ရှိလလယ်ကာလအတွင်းအထိ ဝယ်လိုအားပုံမှန်သာရှိခဲ့ကြောင်း ထီကိုယ်စားလှယ်များထံမှ သိရှိရသည်။

"ပြီးခဲ့တဲ့လက ပိတ်ရက်တွေလည်းများတော့ ထီစောင်ရေကို လျှော့ထုတ်ပါတယ်။ အခုလမှာလည်း ဧပြီလထက်စာရင် တိုးထုတ်တယ်ဆိုပေမယ့် မတ်လတွေလောက်အထိတော့ ထီစောင်ရေ မများပါဘူး။ ထီရောင်းအားလည်း အခုလို လလယ်ကာလအထိ အရောင်းအဝယ်က အေးနေတုန်းပါပဲ။ လကုန်ခါနီးပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ထီဆုကြေးတွေ တိုးမြှင့်လာတဲ့အတွက် ကံစမ်းသူတွေကတော့ စိတ်ဝင်တစားရှိလာပါတယ်။ အပိုဆုမရတော့ပေမယ့် အချို့ထီဆိုင်တွေမှာ ကံစမ်းမဲဖောက်ပေးတာမျိုး၊ လက်ဆောင်ပေးတာမျိုးတွေ လုပ်တာတော့ရှိပါတယ်။ သက်ဆိုင်ရာက ထီကိုယ်စားလှယ်ကြီးတွေ အပိုဆုတွေပေးပြီး ဈေးနှုန်းမြှင့်တင်ရောင်းတာကို ကာကွယ်ဖို့အတွက် ထီအပိုဆုပေးတာကို ကန့်သတ်လိုက်ပေမယ့် ထီဈေးနှုန်းတွေက ကျဆင်းမသွားတဲ့အတွက် ကံစမ်းသူတွေရဲ့ ထီထိုးမှုက အနည်းငယ်တော့ နစ်နာနေရဆဲပါပဲ။ အမြို့မြို့အနယ်နယ်မှာ ထီကိုယ်စားလှယ်ကြီးတွေရဲ့ ထီဆိုင်ခွဲတွေရှိနေပေမယ့် ဈေးကွက်ရဲ့ ရောင်းချမှုအများဆုံးကိုတော့ ရန်ကုန်မြို့မှာရှိတဲ့



ရင်တော့ ထီရောင်းအား ပြန်တက်လာတတ်ပါတယ်။ ထီဈေးနှုန်းတွေက အစိုးရထုတ်ဈေးက ထီတစ်စောင် ငွေကျပ် ၂၀၀ ဆိုပေမယ့် အပြင်မှာတော့ ငွေကျပ် ၃၅၀ ဝန်းကျင်အထိ ရောင်းတဲ့သူတွေက ရောင်းနေကြတုန်းပါပဲ။ အခြေစိုက်ထီဆိုင်ကြီးတွေနဲ့ ထီကိုယ်စားလှယ်တွေဆီမှာ လက်လီ/ လက်ကားယူရတဲ့ဈေးတွေနဲ့ ပြင်ပက ထီဆိုင်လေးတွေနဲ့ ရွေ့လျားထီလှည်းတွေရဲ့ ဈေးနှုန်းကတော့ ကွာတာ ကံစမ်းသူတွေကသာ စဉ်ဆက်မပြတ်အားပေးလာကြတာဖြစ်ပါတယ်။" ဟု မဟာဗန္ဓုလလမ်းရှိ ထီဆိုင်ကြီးတစ်ဆိုင်၏ အရောင်းတာဝန်ခံတစ်ဦးက ပြောကြားသည်။

အောင်ဘာလေသိန်းဆုဌာနခွဲအနေနှင့် ယခုမေလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် ထီဖွင့်ပွဲ၌အက္ခရာ"က"မှ "မ"အထိ ၂၅ လုံးအထိသာ ရောင်းချခဲ့သော်လည်း ယခုကာလ ဇွန် ၁ ရက်နေ့တွင် ဖွင့်လှစ်မည့် ထီဖွင့်ပွဲ၌ "လ" အက္ခရာအထိ တိုးချဲ့ထုတ်ဝေမည်ဖြစ်ကြောင်း သိရှိရသည်။

**ခင်လေးမြင့်အောင်**



## ဆန်စပါးကဏ္ဍတွင် ဗီယက်နမ် ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံမည်

*ရန်ကုန် မေ ၁၄*

*မြန်မာနိုင်ငံ၏ အဓိကထွက်ကုန်ဖြစ်သည့် ဆန်စပါးထွက်ကုန်ကဏ္ဍအတွက် ဗီယက်နမ်နိုင်ငံအနေဖြင့် လာရောက်ပါဝင် ရင်းနှီးမြှုပ်နှံရန် သဘောတူညီမှုရရှိခဲ့ ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ သိရှိရသည်။*

*ယခုကဲ့သို့ နိုင်ငံရပ်ခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှုမှာ အဓိကကတော့ ဆန်စပါးအရည်အသွေးပြည့်မီမှု၊ စိုက်ပျိုးရေးနည်းပညာတိုးတက်ဖွံ့ဖြိုးမှုများနှင့် ဆန်စက် များ စပါးကြိတ်ခွဲမှုများကို စနစ်တကျ ပံ့ပိုးပေးသွားနိုင်ရန်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူက ပြောပြသည်။*

*"ဆန်စပါးကဏ္ဍဖွံ့ဖြိုးဖို့အတွက် အခုလို နိုင်ငံရပ်ခြားက ရင်းနှီးမြှုပ်နှံတာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံကနေ အခုလို ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် ရင်းနှီးမြှုပ်နှံသွားဖို့ ရှိပါတယ်။ လက်ရှိမှာ အသင်းအနေနဲ့ လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုတွေ စတင်လုပ်ဆောင်နေပါပြီ။ လာမယ့် မိုးစပါးပေါ်ချိန်အတွင်းလောက်မှာပဲ စတင်အကောင်အထည်ပေါ်လာပါလိမ့်မယ်" ဟု လက်ရှိစတင်လုပ်ကိုင်လျက်ရှိသည့် အနေအထား ကို ပြောကြားသည်။*

*ယခုလက်ရှိ၌ မြန်မာနိုင်ငံ၏ ဆန်စပါးအရည်အသွေးမှာ လိုအပ်ချက်များရှိနေခြင်းနှင့် အိန္ဒိယဆန်များသည် ကမ္ဘာ့ဆန်ဈေးကွက်၌ ဈေးနှုန်းသက်သာခြင်းတို့ကြောင့် ဈေးကွက်ပြိုင်ဆိုင်မှုများနှင့် ရင်ဆိုင်နေရသော်လည်း တင်ပို့မှုများ ပုံမှန်အခြေအနေတွင်သာရှိနေကြောင်း သိရှိရသည်။*

*မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆန်စပါးစိုက်ပျိုးသည့် ဧကပေါင်း ၁၈ သန်းနီးပါးရှိပြီး မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသများတွင် စိုက်ပျိုးမြေများ ပိုမိုများပြားကာ ထွက်ရှိမှုလည်း အားကောင်းသည့်အပြင် နိုင်ငံရပ်ခြား သို့လည်း တင်ပို့လျက်ရှိကြောင်း သိရှိရသည်။*

*ခင်ရတနာ*

## ကြောင်မကြီးနဲ့ ကြွက်ကလေးစို့

**မိုင်းပျဉ်း မေ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့နယ် ပိန်းဆန်းရပ်ကွက် စွန်မွန်းဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိလာသော ကြောင်မိသားစုတွင် ထူးဆန်းစွာ ကြွက်ငယ်တစ်ကောင်ပါလာခဲ့သည်။ အဆိုပါ ကြွက်ငယ်ကို ကြောင်မကြီးက ၎င်း၏ကလေးငယ်များနှင့်အတူ နို့တိုက်ကျွေးလျက်ရှိကြောင်း သိရှိရသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**



## မြန်မာ့အလင်း — မှုခင်းသတင်း

### ထော်လာဂျီကို ကျော်တက်တဲ့ဆိုင်ကယ် ကျောက်တိုင်တိုက်မိ

**ကျောင်းကုန်း မေ ၁၄**

မေ ၁၂ ရက် ညနေ ၃ နာရီအချိန်ခန့်က ကျောင်းကုန်းမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင် ၇၃/၅ နှင့် ၇၃/၆ အကြား ကျောင်းကုန်းတံတားအဆင်း မီးသွေးတိုက်ကျေးရွာမှ ကျောင်းကုန်းမြို့သို့ ထောင်စုကျေးရွာနေသူ ဖိုးထိန်(ခ) ထွန်းကြွယ် ၄၃နှစ်သည် ၆/ယ. . . ကန်ဘိုဆိုင်ကယ် မောင်းနှင်လာရာ ရှေ့မှ ထော်လာဂျီယာဉ်အား ကျော်တက်စဉ် အရှိန်လွန်၍ လမ်းဘေးကျောက်တိုင်ကို တိုက်မိပြီး လမ်းလျှောက်လာသူ ဒေါ်ဆန်းဝင်း ၅၅ နှစ် သစ်ဆိမ့်ကုန်းနေသူအား ထပ်မံတိုက်မိပြန်သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ဒေါ်ဆန်းဝင်း၏ ဝဲခြေသလုံးကျိုးဒဏ်ရာ၊ ယာနားထင် ပေါက်ပြဲဒဏ်ရာများ ရရှိသည့်အပြင် ဆိုင်ကယ်မောင်းသူ ဖိုးထိန်(ခ)ထွန်းကြွယ်၏နဖူးတွင်ပေါက်ပြဲဒဏ်ရာနှစ်ချက်၊ ဝဲပါး၊ လက်ခုံ၊ နှာခေါင်းရိုး ဖူးယောင်ပေါက်ပြဲဒဏ်ရာများ ပြင်းထန်စွာ ရရှိသွားကြောင်း သိရှိရသည်။ (၀၇၇)

### လမ်းဖြတ်ကူးသူများ ဆိုင်ကယ်အတိုက်ခံရ

*ဝမ်းတွင်း မေ ၁၄*

*မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ရဲစခန်းအပိုင်းတွင် မေ ၁၁ ရက်က ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၇၂/၀ အနီးတွင် ဝမ်းတွင်းမြို့ စက်မှုလယ်ယာဝင်းနေသူ ဦးအေးချို အသက် ၃၆ နှစ် စီးနင်းသော နံပါတ်မပါ ဟန်ဘို ၁၁၀ အနက်ရောင်ဆိုင်ကယ်က ဝမ်းတွင်းမြို့နယ် ရွှေကန်ကျေးရွာနေ တောင်သူ ဦးကျော်အုန်း အသက်၅၆ နှစ်အား လမ်းဖြတ်ကူးစဉ် ဝင်ရောက်တိုက်မိရာ ဦးကျော်အုန်းမှာ ဒဏ်ရာများ ရရှိသွားသဖြင့် ကျောက်ဆည်ဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ထားသည်။ ဆိုင်ကယ်နောက်မှစီးသူ ဦးအောင်လင်းဦး အသက် ၃၇ နှစ် မှာလည်း ဒဏ်ရာများရရှိသွားသဖြင့် အတွင်းလူနာအဖြစ် တင်ပို့ထားရသည်။*

***တင်ပို့ထား***

*အလားတူ ဝမ်းတွင်းမြို့ မြောက်ဂိတ်တွင် မေ ၁၁ ရက်က ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၅၉/၃ အနီးတွင် ဝမ်းတွင်းမြို့နယ် ထနောင်းကုန်းကျေးရွာနေသူ ဟန်ထိုက် အသက်၂၇ နှစ် တောင်မှမြောက်သို့ စီးနင်းလာသည့် ၁၀ယ/ ---ကန်ဘို ၁၁၀ အစိမ်းရောင်ဆိုင်ကယ်က ဘုရားစုကျေးရွာနေ တောင်သူ ဒေါ်ကြည်ငြိမ်း အသက် ၆၅ နှစ်အား လမ်းဖြတ်ကူးစဉ် ဝင်ရောက်တိုက်မိရာ ဒေါ်ကြည်ငြိမ်းနှင့် ဆိုင်ကယ်စီးသူတို့နှစ်ဦးစလုံး ဒဏ်ရာများရရှိသွားသဖြင့် ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ထားရကြောင်း သိရှိရသည်။* (၀၁၂)

### တစ်လမ်းမောင်းကို ပြောင်းပြန်မောင်းကြသည့် ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ

**ပုသိမ် မေ ၁၄**

ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက် ကုသိနာရုံအတွင်းလမ်းနေ ယာဉ်မောင်း ကိုသန်းလှိုင် အသက် ၃၀သည် ခရီးသည်တင်ကြိုပို့ ဒ/E-2000 မာဇဒါယာဉ်ကို ကုန်သည်လမ်းနှင့် မြေနုလမ်းဆုံ ခတ္တာလမ်းဘက်မှ ရွှေစေတီလမ်းကားဂိတ်သို့ (တောင်မှမြောက်သို့) လမ်းပြောင်းပြန် မောင်းလာစဉ် ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက် ရာမည ၅ လမ်းနေ ကျော်မင်းထိုက်(ခ) ကျော်မျိုး နိုင် အသက် ၃၀ မောင်းနှင်သော ၆ယ/ ---ကန်ဘို ၁၀၀ ဆိုင်ကယ်သည် မအေးအေးမွန် အသက် ၂၈ နှစ်အား တင်ဆောင်ပြီး ကမ်းနားလမ်းမှ မင်းကြီးလမ်းသို့ (အနောက်မှအရှေ့) လမ်းပြောင်းပြန်မောင်းနှင်လာရာ ကုန်သည်လမ်းနှင့် မြေနုလမ်းဆုံ၌ ကားနှင့်ဆိုင်ကယ်တိုက်မိပြီး ဆိုင်ကယ်မောင်းသူ ကျော်မင်းထိုက်(ခ) ကျော်မျိုးနိုင်၏ ဦးခေါင်းနောက်စေ့၌ စိုးရိမ်ဖွယ်ဒဏ်ရာများရရှိသွားသဖြင့် ပြည်သူ့ဆေးရုံကြီးတွင် တင်ပို့ကုသခဲ့ရကြောင်းနှင့် ဆိုင်ကယ်နောက်လိုက်ပါလာသူ မအေးအေးမွန်မှာ ပွန်းပဲ့ဒဏ်ရာ (မစိုးရိမ်ရ) ရရှိသွားကြောင်း သိရှိရသည်။ (၀၇၇)

## မြန်မာ့အလင်း — မီးလောင်မှုသတင်း

### မလှိုင်မြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**မလှိုင် မေ ၁၄**

မိတ္ထီလာခရိုင် မလှိုင်မြို့တောင်ဘက် ခြောက်မိုင်အကွာ သဘွတ်ကုန်းကျေးရွာအုပ်စု ဆည်တောကျေးရွာတွင် မေ ၁၂ ရက် ည ၇ နာရီ မိနစ် ၃၀ အချိန်က စိုးမြင့်လေး အသက် ၄၂ နှစ်၏ သုံးပင်နှစ်ပင် ထန်းရွက်မိုး၊ ထရံကာ၊ မြေစိုက်အိမ် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ ရွာသူ ရွာသားများက အချိန်မီ ငြိမ်းသတ်သဖြင့် အခြားအိမ်သို့ ကူးစက်ခြင်းမရှိဘဲ ချက်ချင်းမီးငြိမ်းသွားကြောင်း သိရှိရသည်။ (၀၁၂)

### အမရပူရမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**မြစ်ငယ် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အမရပူရမြို့နယ် မြစ်ငယ်မြို့ ဆောက်တောဝကျေးရွာတွင် ယနေ့ နံနက် ၁ နာရီ ၁၅ မိနစ်တွင် မီးဖိုတဲ မီးကြွင်း မီးကျန်မှ စတင်လောင်ကျွမ်းခဲ့ရာ အနီးရှိ နေအိမ်တစ်လုံးပါ မီးလောင်ကျွမ်းခဲ့သည်။ မီးမှာ ကိုအောင်ဆန်းဦး အသက် ၃၈ နှစ် တောင်သူ၏မီးဖိုချောင်တဲမှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးဖိုချောင်တဲမှပင် ၎င်း၏အိမ်ကို လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ အမရပူရမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်နှစ်စီး၊ မြစ်ငယ်မီးရထားမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ယာဉ်တစ်စီး၊ ဆောက်တောဝကျေးရွာ လူထုများ ပူးပေါင်းဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရှိရသည်။ (၁၅၉)

### ပုသိမ်မြို့၌ ခြင်ဆေးခွေထွန်းညှိထားခဲ့ရာမှ မီးလောင်မှုဖြစ်ပွား

**ပုသိမ် မေ ၁၄**

ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက် (လွန်ကန်) ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ လူနေတန်းလျားတွင် မေ ၁၄ ရက် နံနက် ၁၀ နာရီခွဲခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများငြိမ်းသတ်မှုကြောင့် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါတန်းလျားနေ မသီတာ အသက် ၁၂နှစ်(ဘ-ဦးသံချောင်း) သည် အိပ်ခန်းအတွင်း ခြင်ဆေးခွေထွန်းညှိထားခဲ့ရာမှ စောင်၊ ခြင်ထောင်၊ အကာထရံများသို့ ကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် တန်းလျားရှိ အခန်း ငါးခန်းတွဲတစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ (၀၇၇)

# ရုပ်ရှင်လောကသားများ၏ လိုလားချက်ဆန္ဒနှင့်အညီ ဆင်ဆာမူဝါဒဆိုင်ရာများကို အစဉ်အဆက်ဖြေလျှော့ပေးခဲ့သည်ကို တွေ့ရှိနိုင်

**ရန်ကုန် မေ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက် ကုက္ကိုင်းရိပ်သာလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိတွေ့မှုအများဆုံးဖြစ်ပြီး ရုပ်ရှင်လောကသားတစ်ဦးချင်းဖြစ်စေ၊ အစည်းအရုံးအတွက်ဖြစ်စေ တိုးတက်နိုင်သမျှ တိုးတက်အောင် မူဘောင်နှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရုပ်ရှင်အစည်းအရုံး၏ ၂၀၀၄ ခုနှစ်က အခြေအနေနှင့် လက်ရှိအခြေအနေကို ချိန်ထိုးနှိုင်းယှဉ်ကြည့်ပါက မည်မျှတိုးတက်လာသည်ကို သုံးသပ်တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်လောကသားများ၏ လိုလားချက် ဆန္ဒနှင့်အညီ ဆင်ဆာမူဝါဒဆိုင်ရာများကို အစဉ်အဆက် ဖြေလျှော့ပေးခဲ့သည်ကို တွေ့ရှိနိုင်ပါကြောင်း။

ယခုအသစ်ဖွဲ့စည်း ပေါ်ပေါက်လာသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် မူလချမှတ်ထားသည့် မူများအတိုင်း ဆက်လက်ပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ရုပ်ရှင်လောကသားများ အနေဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြပါရန်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက အစည်းအရုံး၏ တင်ပြချက် (၈)ချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။ ၎င်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးချက်များသည် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ကြရမည့် ကိစ္စရပ်များ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ မည်သည့်လုပ်ငန်းကိစ္စရပ်၌မဆို သမုဟဖြစ်ခြင်းရှိသကဲ့သို့ ဝိရောဓိ ဖြစ်ခြင်းလည်းရှိနိုင်ပါကြောင်း၊ ဝိရောဓိများကို နှစ်ဖက်မျှတစွာ နားလည်လက်ခံစဉ်းစားညှိနှိုင်း ဆောင်ရွက်ကြမည်ဆိုပါက အနာဂတ်လုပ်ငန်းစဉ်များ လက်တွေ့အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီး ဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန် ကြီး ဦး ကျော် ဆန်း မြန်မာနိုင်ငံရုပ်ရှင် အစည်း အရုံး အလုပ်အမှုဆောင် အဖွဲ့ အား တွေ့ဆုံ မှာကြားစဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား အမေရိကန်အဖွဲ့ တွေ့

**နေပြည်တော် မေ ၁၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား အမေရိကန်နိုင်ငံ Texas Pacific Group (TPG) Founder Mr. David Bonderman နှင့်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(ဝဲပုံ)**ကုန်သွယ်မှုတိုးချဲ့ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုလာရောက်နိုင်သည့်အခွင့်အလမ်းများ၊ ပုဂ္ဂလိကကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဧည့်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ် (၄/၂၀၁၂) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်မှုနှုန်း မြန်မာနိုင်ငံသည် အမြင့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာဖွယ်ရှိ

**နေပြည်တော် မေ ၁၄**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ကြီးကြပ်၍ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ဧည့်ဝန်ဆောင်မှု သင်တန်းအမှတ်စဉ်(၄/၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် သပြေကုန်းဈေး Golden Hill Restaurant ၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအပြင် စားသောက်ဆိုင်များ၏ ဧည့်ဝန်ဆောင်မှုလုပ်ငန်းများကိုပါ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့(MTB)နှင့် လက်အောက်ရှိအသင်း(၁၁) သင်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပစိဖိတ်-အာရှခရီးသွားအဖွဲ့ (PATA)၏ခန့်မှန်းချက်အရ မြန်မာနိုင်ငံသည် ၂၀၁၂ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်မှုနှုန်း အမြင့်ဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာဖွယ်ရှိပြီး ဧည့်သည်ဝင်ရောက်မှုသည်လည်း ယခင်ကထက် ၂၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုရလဒ်အဖြစ် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရာတွင် သင်တန်းတက်ရောက်ခွင့် ရရှိသူများကလည်း အခွင့်သာခိုက် မိမိတို့အရည်အချင်းကို ပီပြင်စွာ တိုးတက်အောင် ကြိုးစားသင်ယူသွားကြစေလိုကြောင်း မှာကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ နေပြည်တော်ဇုန်ရှိ စားသောက်ဆိုင်များမှ သင်တန်းသား သင်တန်းသူ ၆၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှာဖွေကယ်ဆယ်ရေးနှင့် မီးဘေးကာကွယ်ရေး ဖျာပုံမြို့နယ်၌ ကြိုတင်ပြင်ဆင်ထားမှုစစ်ဆေး

**ဖျာပုံ မေ ၁၄**

သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးနှင့် မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့် စပ်လျဉ်း၍ မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးသင်းဌေးရွှေနှင့် အဖွဲ့သည် မေ ၉ ရက်က ဖျာပုံခရိုင် ဖျာပုံမြို့နယ်မီးသတ်စခန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများနှင့် တွေ့ဆုံဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အဆိုပါအဖွဲ့သည် ဖျာပုံမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းရှိ မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ပြင်ဆင်ထားရှိသောရေငုတ်များ၊ အပေါ့စားရေစုပ်စက်များ၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုများ သုံးစွဲရာတွင်ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် မီးလောင်လျှင်အလျင်အမြန်မီးသတ်ရေငုတ်များမှ ရေရရှိမှုတို့ကိုစစ်ဆေးရာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်၊ အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်စိုးတို့နှင့် ဈေးတာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၇၁)



# မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၁၄**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ CPE ဟောပြောပွဲတစ်ရပ်ကို အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများခေါင်းစဉ်ဖြင့် မေ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**စာရင်းသွင်းနိုင်**

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန် မေ ၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြ ပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်းနှင့် မေးမြန်းဆွေးနွေးလိုသည်များကို စာဖြင့်ရေးသား၍ အသင်းရုံးခန်းသို့ မေ ၁၇ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၅-၅-၂၀၁၂ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၀ | အဂ္ဂိဇယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ) |
| ၇း၂၅ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | နံနက်ခင်းသတင်း |

**ညပိုင်း**

| | |
|---|---|
| ၅း၀၀ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၅ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၃၅ | ဆိုလိုက်ကြစို့ |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **ဖေဖေ့သမီး** (အပိုင်း-၃) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ ချိုမြိန်ရသာမုန့်ကမ္ဘာ |

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ဂျာမနီညွှဲသည်နှင့် ဖိလစ်ပိုင်သံအမတ်ကြီးတွေ့ဆုံ

**နေပြည်တော်　မေ　၁၄**

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ဂျာမနီနိုင်ငံ DGRV Association မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ဒါရိုက်တာ Mrs. Hildegard Von Walther ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ဝန်ကြီးရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် သမဝါယမလုပ်ငန်းများ၊ အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ နည်းပညာအကူအညီပေးရေး အစီအစဉ်များ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ma. Hellen B. De La Vega သည် ညနေ ၃ နာရီခွဲတွင် အဆိုပါညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ သမဝါယမလုပ်ငန်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပုစွန်တင်ပို့နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများအားတွေ့ဆုံ

**ပုသိမ်　မေ　၁၄**

ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ မေ ၁၃ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။ **(ဝဲပုံ)**

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီးဥပဒေချုပ် ဦးချစ်ကိုကို၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်း၊ တိုင်းဒေသကြီးဥပဒေအရာရှိ၊ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ် ၂၆မြို့နယ်မှ မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဥပဒေအရာရှိများအနေဖြင့် မိမိတို့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ အဂတိကင်းရှင်းစွာဖြင့် ပြည်သူများအပေါ် စေတနာထားဆောင်ရွက်ရေး၊ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ဥပဒေအရာရှိများမှတစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရေးတို့ကို အလေးထားမှာကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဆိုင်ရာ မူလတန်းဆရာများ သင်တန်းဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မေ ၁၂ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအောင်ကို ဆွေးနွေးပြောကြားစဉ်။** (၁၆၂)



**မီးဖို မီးကြွင်းမီးကျန် သတိပြုရန်**

**(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။**

**(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါကသုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကို ပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။**

**(ဂ) မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့ သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။**

**မီးသတ်ဦးစီးဌာန။**

**မောင်မောင်မြင့်ဆွေ － စုစည်းသည်**

# အိမ်ကွင်းရှုံးပွဲမရှိဘဲ စီးရီးအေချန်ပီယံဖြစ်တဲ့ ဂျူဗင်တပ်စ်အသင်း



ဂျူဗင်တပ်စ်အသင်းသားများ စီးရီးအေဖလားနှင့် ဤသို့အောင်ပွဲခံခဲ့သည်။

**ရောမ　မေ　၁၄**

အီတလီစီးရီးအေ ရာသီပိတ်ပြိုင်ပွဲများကို မေ ၁၃ ရက်ညက ယှဉ်ပြိုင်ကစားခဲ့ကြရာမှာ ဂျူဗင်တပ်စ်က အတ္တလန္တာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားခဲ့ပါတယ်။

ဂျူဗင်တပ်စ်ရဲ့ ဒီအနိုင်ပွဲဟာ ဒီနှစ်တစ်ရာသီလုံး အိမ်ကွင်းလုံးဝရှုံးပွဲမရှိတဲ့သမိုင်းကို တင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုအိမ်ကွင်းရှုံးပွဲမရှိတဲ့အသင်းတွေထဲမှာ အီတလီစီးရီးအေသမိုင်းမှာ တတိယမြောက်အသင်းဖြစ်လာပါတယ်။

ဂျူဗင်တပ်စ်အသင်းဟာ ဒီနှစ်ရာသီ အီတလီစီးရီးအေ ၃၈ ပွဲကစားခဲ့ပါတယ်။ ဒီအထဲမှာ ၂၃ ပွဲနိုင်ပြီး ၁၅ ပွဲသရေကျခဲ့ပါတယ်။ ရှုံးပွဲမရှိဘဲ ချန်ပီယံဖြစ်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ **(အင်တာနက်)**

# စပိန်လာလီဂါနောက်ဆုံးပွဲစဉ်များယှဉ်ပြိုင်၊ ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရရှိ

***မက်ဒရစ်　မေ　၁၄***

*စပိန်လာလီဂါပွဲစဉ် (၃၈)နောက်ဆုံးပွဲစဉ်များကို မေ ၁၄ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်နှင့် မာလေ့ကာတို့ပွဲတွင် ရီးရဲမက်ဒရစ်က လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။*

*ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီအတွက် လာလီဂါဖလားကို ပွဲစဉ်မကုန်မီကပင် ဆွတ်ခူးရရှိခဲ့ပြီးဖြစ်သော်လည်း ဂုဏ်သိက္ခာအတွက် ယခုပွဲကို အနိုင်ရအောင် ကစားခဲ့သည်။ ရီးရဲမက်ဒရစ်အတွက် ဂိုးများကို ပွဲချိန် ၁၉ မိနစ်၌ စီရိုနယ်ဒိုက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။*

*ဆက်လက်ပြီး ပွဲချိန် ၂၃မိနစ်၌ ဘင်ဇီမာက တစ်ဂိုး၊ ပွဲချိန် ၄၉ မိနစ်နှင့် ၅၈ မိနစ်တို့၌ အိုဇေးလ်က တစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သည်။ မာလေ့ကာအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၅၂ မိနစ်၌ ကတ်စထရိုက သွင်းယူပေးခဲ့သဖြင့် ပွဲအပြီး ရီးရဲမက်ဒရစ်တို့က လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ရမှတ် ၁၀၀ ဖြင့် ဖလားရယူခဲ့ခြင်းဖြစ်သည်။*

*ရေဆင်းနှင့် အိုဆာစူနာတို့ပွဲတွင် အိုဆာစူနာက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အိုဆာ စူနာအတွက် ဂိုးများကို ၅၄ မိနစ်၌ ဘာလ်ဒီး၊ ၆၇ မိနစ်၌ စီဂျူဒို၊ ၇၁ မိနစ်၌ ဂါစီရာနှင့် မိနစ် ၉၀ ၌ ရိုဗာစီအိုတို့က ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ဗီလာရီးရဲနှင့် အက်သလက်တီကို မက်ဒရစ်တို့ပွဲတွင် အက်သလက်တီကိုမက်ဒရစ်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ အက်သလက်တီကိုမက်ဒရစ်အတွက် ဂိုးကို ဖာလ်ကာအိုက ၈၈ မိနစ်၌ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။*

*လီဗန်တေးနှင့် ဘီလ်ဘာအိုတို့ပွဲတွင် လီဗန်တေးက သုံးဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။ လီဗန်တေးအတွက် ဂိုးများကို ပွဲချိန် ၄၅ မိနစ်နှင့် ၆၇ မိနစ်တို့၌ ကိုဇယ်က တစ်ဦးတည်းနှစ်ဂိုး သွင်းယူပေးခဲ့သည်။ တစ်ဖန်ပွဲချိန် ၈၈ မိနစ်၌ ဖာရီနို့စ်က ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူပေးခဲ့သဖြင့် ပွဲအပြီး၌ လီဗန်တေးက သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။* ***(အင်တာနက်)***

# မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဖက်ဒဲရားနှင့်ဆီရီနာဝီလျံတို့ ဗိုလ်စွဲ



**မက်ဒရစ်　မေ　၁၄**

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပလျက်ရှိသော မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရော်ဂျာဖက်ဒဲရားနှင့် ဘာဒက်တို့ မေ ၁၄ ရက်က ယှဉ်ပြိုင် ကစားရာ ရော်ဂျာဖက်ဒဲရားက အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ **(ဝဲပုံ)**

**နိုင်ပွဲရရှိ**

ရော်ဂျာဖက်ဒဲရားသည် ချက်တင်းနစ်သမား ဘာဒက်အား အနိုင်ရရှိရန်ကြိုးစားကစားခဲ့ရသည်။ သို့သော် ဖက်ဒဲရားက လက်ရည်အသာစီးရရှိကာ အမှားအယွင်းနည်းပါးမှုကြောင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ မက်ဒရစ် အိုးပင်းအမျိုးသမီးတစ်ဦးချင်း နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ဆီရီနာဝီလျံနှင့် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာတို့ ယှဉ်ပြိုင်ကစားရာ ဆီရီနာဝီလျံက ၆-၁၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ယခုပွဲ၌ ဆီရီနာဝီလျံသည် ပြင်းထန်သော လျှပ်တစ်ပြက်ရိုက်ချက်များဖြင့် အဇာရင်ကာအပေါ် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အဇာရင်ကာ၏ အားနည်းချက်နှင့် အမှားများအပေါ် အသုံးချနိုင်ခဲ့၍သာ နိုင်ပွဲရရှိခြင်းဖြစ်သည်။ အဇာရင်ကာက ပွဲအပြီး၌ ဆီရီနာဝီလျံသည် အလွန်တော်သော တင်းနစ်မယ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ **(အင်တာနက်)**

# ပလေယာချန်ပီယံရှစ်ဂေါက်သီးရိုက်ပြိုင်ပွဲ မတ်ကူချာ ဖလားဆွတ်ခူး



**အမေရိကန်ဂေါက်သီးကစားသမား မတ်ကူချာအား ဖလားနှင့်အတူ တွေ့ရစဉ်။**

**နယူးယောက်　မေ　၁၄**

အမေရိကန် ဂေါက်သီးကစားသမား မတ်ကူချာဟာ မေ ၁၄ ရက်က အမေရိကန်နိုင်ငံ ဆန်းဂလပ်မှာ ကျင်းပတဲ့ ပလေယာချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲမှာ သတ်မှတ်ရိုက်ချက်ထက် ၁၃ချက်လျှော့ရိုက်ပြီး ဖလားနှင့် အတူ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၁ သန်း ဆွတ်ခူးသွားခဲ့ပါတယ်။

**ဖလားဆွတ်ခူး**

အသက် ၃၃ နှစ်အရွယ်ရှိတဲ့ မတ်ကူချာဟာ စကော့တလန်မှ မာတင်လက်နဲ့ အမေရိကန်မှ ဂျွန်ဆင်၊ အင်ကာတစ်၊ ရစ်ကီဖော်လာတို့ကို ကျော်ဖြတ်ပြီး ရိုက်ချက် နှစ်ချက်အသာနဲ့ ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်ပါတယ်။

မတ်ကူချာဟာ ၂၀၁၀ခုနှစ်က ဘာကလေချန်ပီယံရှစ်ပြိုင်ပွဲမှာ နောက်ဆုံးဖလားအဖြစ် ဆွတ်ခူးထားနိုင်ခဲ့ပါတယ်။ ယခုဖလားဟာ ကူချာအတွက် ဒုတိယမြောက်ဖလား ဖြစ်ပါတယ်။ **(အင်တာနက်)**

# နှစ်နိုင်ငံ ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများကို အနာဂတ်ကာလတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံများ ဝေမျှပေးစေလို

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်**

# နိုင်ငံတကာအသိုက်အဝန်းတွင် မိတ်ဆွေများ တိုးပွားလျက်ရှိပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မပြတ်မနေဆောင်ရွက်နေခြင်းသည် မှန်ကန်သောရွေးချယ်မှုဖြစ်

**ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်**



**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ယနေ့ညနေ ၆ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ *စာမျက်နှာ ၉ ကော်လံ ၃* ❖

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်တို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာဝမ်ဂန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာဝမ်ဂန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဧည့်သည်တော် မစ္စတာဝမ်ဂန်းက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ မိမိမြန်မာနိုင်ငံသို့ မလာရောက်မီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာဟူကျင်ထောင်းက အဆွေတော်သမ္မတအား ရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု အမှာစကားပါးလိုက်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်သွယ်ရေးထူထောင်သည့် နှစ်ပေါင်း ၆၀ ကျော် ကာလတစ်လျှောက်လုံး တရုတ်-မြန်မာ နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်ပျိုးထောင်ခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည် နိုင်ငံတကာပြောင်းလဲမှုများ၏ မှတ်ကျောက်တင်ခံနိုင်ခဲ့ပြီး ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ပါကြောင်း။

ယခုနှစ်များအတွင်း နှစ်နိုင်ငံထိပ်သီးခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခဲ့ကြခြင်းဖြင့် အပြန်အလှန်ယုံကြည်မှု တိုးပွားလာပါကြောင်း၊ ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဖလှယ်ဆောင်ရွက်မှုများတွင်လည်း အောင်မြင်မှုများစွာ ရရှိနိုင်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်အတွင်း အဆွေတော်သမ္မတကြီး၏ တရုတ်နိုင်ငံခရီးစဉ်၌ တရုတ်နိုင်ငံ သမ္မတကြီး မစ္စတာဟူကျင်ထောင်းနှင့် တွေ့ဆုံခဲ့ရာတွင် နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာမြောက်ဆက်ဆံရေး မိတ်ဖက်နိုင်ငံများအဖြစ် မြှင့်တင်နိုင်ရန် သဘောတူခဲ့ကြခြင်းဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးအခန်းကဏ္ဍသစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်စွာ တိုးတက်လာခြင်းသည် အမြဲတမ်း တန်းတူရည်တူဆက်ဆံခြင်း၊ အပြန်အလှန်ရိုသေလေးစားခြင်း၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှု Win-Win Situation တို့အတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း။ *စာမျက်နှာ ၉ ကော်လံ ၆* ●



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာဝမ်ဂန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)